# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

July 25 , 2023 Volume 68, Number 16


၂၅.၇.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၆၂ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၁၉.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၈၀.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၉၃.၉ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၁၉.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၃.၉၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၆၅၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၄.၅၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၀.၂၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၈၀၈ ကျပ် |

Source: CBM Rate, etrademyanmar.com

## ဗီယက်နမ်နိုင်ငံမှ ဆန်တင်ပို့မှု စံချိန်သစ်တင်

ဗီယက်နမ်နိုင်ငံမှ ဆန်ကွဲ ၅ % ပါဝင်သည့် ဆန်တင်ပို့မှုအား တစ်တန်လျှင် ၅၁၃ ဒေါ်လာဖြင့် ပြီးခဲ့သည့်သီတင်းပတ်ကုန်တွင် အရောင်းအဝယ်ဖြစ်ခဲ့သည်။ ဗီယက်နမ်၏ ဆန်တင်ပို့မှု ပျမ်းမျှဈေးသည် တစ်တန်လျှင် ဒေါ်လာ ၆၅၀ ရှိခဲ့ရာမှ ယခင်နှစ် အလားတူကာလထက် ၂၀.၈ % မြင့်တက်ခဲ့သည်။

ပြီးခဲ့သည့် သီတင်းပတ်ကုန်တွင် ဗီယက်နမ်နိုင်ငံမှ ဆန်ကွဲ ၅ % နှုန်းပါဝင်သည့် ဆန်တင်ပို့မှု တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၀-၅၁၀ ရှိခဲ့ရာမှ ဇူလိုင် ပထမပတ်တွင် အမေရိကန်ဒေါ်လာ ၅၁၃ ထိ မြင့်တက်ခဲ့သည်။ တစ်ချိန်တည်းတွင် ဆန်ကွဲ ၂၅ % တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ တစ်တန်လျှင် ၄၉၃ တန်သို့ မြင့်တက်ခဲ့သည်။

ဗီယက်နမ်အကောက်ခွန်ဦးစီးဌာန၏ စာရင်းများအရ ပထမနှစ်ဝက်အတွင်း ဗီယက်နမ်နိုင်ငံမှ အမေရိကန်ဒေါ်လာ ၂.၂၆ ဘီလီယံ တန်ဖိုးရှိပမာဏအားဖြင့် ဆန်တန်ချိန် ၄.၂ သန်း တင်ပို့ခဲ့ပြီး၊ စုစုပေါင်းတင်ပို့မှု ပမာဏ၏ ၂၁ % များခဲ့ကာ ယခင်နှစ်အလားတူကာလထက် ၃၂ % မြင့်တက်ခဲ့သည်။

ပြီးခဲ့သည့် ၆ လအတွင်း ပျမ်းမျှဆန်တင်ပို့မှုသည် တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၅၃၉ သို့ရောက်ရှိခဲ့ပြီး ယခင်နှစ်အလားတူကာလထက် ၁၀ % မြင့်တက် လာကာ ပြီးခဲ့သည် ၁၀ နှစ်အတွင်း အမြင့်ဆုံးဈေးနှုန်းသို့ ရောက်ရှိခဲ့သည်။

ဇွန်လအတွင်း ပျမ်းမျှဆန်တင်ပို့မှုသည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၅၀ သို့ ရောက်ရှိပြီး ယခင်လနှင့် နှိုင်းယှဉ်ပါက ၉.၄ % နှင့် ယခုနှစ်အလားတူကာလထက် ၂၀.၈ % မြင့်တက်ခဲ့သည်။ ပြည်ပ ဝယ်လိုအားတိုးလာခြင်းကြောင့် ဗီယက်နမ်ဆန်ဈေး ဆက်လက်မြင့်တက်လျက်ရှိပါသည်။

အယ်နီညိုဖြစ်စဉ်ကြောင့် ကမ္ဘာ့စိုက်ပျိုးရေးကို ထိခိုက်စေနိုင်သည်ဟု ခန့်မှန်း ထားရာ နိုင်ငံအများအပြားက စားနပ်ရိက္ခာဖူလုံရေးအတွက် ဆန်ကိုတက်ကြွစွာ ဝယ်ယူလျက်ရှိနေကြသည်။

ယခုနှစ်ပထမ ၅ လတွင် ဗီယက်နမ်၏ ဆန်တင်ပို့မှုသည် ဖိလစ်ပိုင်နှင့်တရုတ်နိုင်ငံ ကဲ့သို့သော တင်ပို့နေကျဈေးကွက်များသို့ တင်ပို့မှုဂဏန်းနှစ်ဆ တိုးလာခဲ့သည်။ အင်ဒိုနီးရှား၊ ချီလီ၊ တူရကီနှင့် ဆီနီဂေါ စသည့် ဈေးကွက်သစ်နိုင်ငံ အများအပြားသို့ ဆန်တင်ပို့မှုသည် ယခင်နှစ် အလားတူကာလထက် ၁၁၀၀ % မှ ၁၆၀၀၀ % သို့ ရုတ်တရက်တိုးလာခဲ့သည်။

ဝယ်လိုအားများလာခြင်းကြောင့် အာရှတွင်းရှိနိုင်ငံများသို့ တင်ပို့သည့် ဆန်ဈေးနှုန်းများလည်း မြင့်တက်ခဲ့သည်။ လက်ရှိဈေးကွက်သည် အိန္ဒိယဆန်


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

တင်ပို့မှုမူဝါဒနှင့်ပတ်သက်သည့် တိုးတက်မှုများကို စောင့်ကြည့်ရန် အာရုံစိုက်နေသည်။

အိန္ဒိယအစိုးရသည် ဘာစမာတီမဟုတ်သော ဆန်အားလုံးတင်ပို့မှုကို တားမြစ်ရန်စဉ်းစားနေကြောင်း Reuters သတင်းအေဂျင်စီက ဖော်ပြခဲ့သည်။ လက်ရှိအနေအထားတွင် အိန္ဒိယသည် ကမ္ဘာ့ဆန်တင်ပို့မှု၏ ၄၀ % ပိုင်ဆိုင်ထားသည်ဖြစ်ရာ အထက်ပါပို့ကုန်တားမြစ်ချက်ကို ကျော်လွှားနိုင်ပါက ကမ္ဘာ့ဆန်ဈေး သိသိသာသာတက်လာမည်ဖြစ်သည်။ တစ်ချိန်တည်းတွင် အခြားဆန်တင်ပို့သည့်နိုင်ငံများဖြစ်သည့် ဗီယက်နမ်နှင့်ထိုင်းတို့သည် ၎င်းတို့အတွက် ဈေးကွက်ဝေစု အခြေအနေကောင်းများ ပိုမိုရရှိလာမည်ဖြစ်ပါသည်။

**Source : Vietnam Net Global**

**(စီးပွားရေးသံမှူး၊ ဟန္နိုင်းမြို့)**

https://myantrade.gov.mm/article/Naypyitawstp_250720231026

## အိန္ဒိယနိုင်ငံက ဆန်တင်ပို့မှုပိတ်ပင်မှုကြောင့် ဆန်ဈေးတက်မည်ကို ထိုင်းကုန်သည်များ စိုးရိမ်လျက်ရှိ

အိန္ဒိယနိုင်ငံက ထုတ်ပြန်ခဲ့သည့် ဘာစမာတီမဟုတ်သော ဆန်ဖြူတင်ပို့မှုကို ပိတ်ပင်သည့် ထုတ်ပြန်ချက်တစ်ရပ်အပေါ် ထိုင်းဆန်တင်ပို့သူများက စိုးရိမ်လျက်ရှိကြောင်း၊ ယင်းသည် ထိုင်းပြည်တွင်း ဆန်ဈေးနှုန်းကို ၁၀ ရာခိုင်နှုန်းအထိ မြင့်တက်စေနိုင်ပြီး ထိုင်းဆန်လုပ်ငန်းကို ရိုက်ခတ်နိုင်ကြောင်း၊ ယင်းထုတ်ပြန်ချက်၏ သက်ရောက်မှုများကို တွက်ချက်ရန်အတွက် ထိုင်းပို့ကုန်လုပ်ငန်းရှင်များက ဆန်ဝယ်ယူမှုတွင် နှောင့်နှေးနိုင်ကြောင်း ထိုင်းဆန်ပို့ကုန်လုပ်ငန်းရှင်များအသင်း၏ ဂုဏ်ထူးဆောင် ဥက္ကဋ္ဌဖြစ်သူ Mr. Chookiat Ophaswongse က ပြောကြားပါသည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာ့ဆန်ဈေးကွက်၏ ၄၀ ရာခိုင်နှုန်းဖြင့် ကမ္ဘာ့ဆန်တင်ပို့မှု အများဆုံးနိုင်ငံဖြစ်ကြောင်း၊ ရာသီဥတုမမှန်ခြင်းကြောင့် အိန္ဒိယနိုင်ငံအတွင်း၌ ထုတ်လုပ်မှုကို ခြိမ်းခြောက်လျက်ရှိပြီး အတက်ဖက်သို့ဦးတည်နေသော ဆန်ဈေးနှုန်းကို လျှော့ချရန်အတွက် နိုင်ငံ၏ တင်ပို့မှုအများဆုံးဖြစ်သော ဆန်အမျိုးအစားကို ရပ်ဆိုင်းရန် ညွှန်ကြားခဲ့ကြောင်း သိရှိရပါသည်။ ထိုင်းဆန်ကုန်သည်များက အခြေအနေကို အနီးကပ်စောင့်ကြည့်လျက်ရှိကြောင်း၊ ကနဦးက အိန္ဒိယအစိုးရအနေဖြင့် ဆန်တင်ပို့မှုကို ပိတ်ပင်ခြင်းအစား အခြားသော အစီအမံများကို ဆောင်ရွက်သွားမည်ဟု မျှော်လင့်ရပါကြောင်း၊ သို့သော် ယခုကဲ့သို့ ထုတ်ပြန်ချက်ထွက်ရှိပြီးနောက် ကမ္ဘာ့ဆန်ဈေးကွက်ပေါ်တွင် သက်ရောက်မှုအတိုင်းအတာကို ခန့်မှန်းရန် ခက်ခဲသွားပါကြောင်း၊ မိမိတို့အနေဖြင့် အိန္ဒိယအစိုးရ၏ ပိတ်ပင်မှုကို ဖြေလျှော့မှုရှိ/မရှိကို စောင့်ကြည့်ရန်သာ လိုအပ်ကြောင်း Mr. Chookiat က ဖြည့်စွက်ပြောကြားပါသည်။

အိန္ဒိယနိုင်ငံ ပိတ်ပင်မှု၏ အကျိုးဆက်အဖြစ် ထိုင်းဆန်ပို့ကုန်တွင် သိသိသာသာ သက်ရောက်နိုင်ကြောင်း၊ အထူးသဖြင့် စောင့်ဆိုင်းဆဲဖြစ်သော ဝယ်ယူရေးစာချုပ်များတွင် ဆန်အမျိုးအစားများ၏ ဈေးနှုန်းသတ်မှတ်ရာတွင်ဖြစ်ကြောင်း၊ ထိုင်းဆန်ပို့ကုန်လုပ်ငန်းရှင်များနှင့် ပြည်တွင်းကုန်သည်များသည် အိန္ဒိယနိုင်ငံ၏ ဆောင်ရွက်မှုကြောင့် ကမ္ဘာ့ဈေးနှုန်း မြင့်တက်လာနိုင်သည့် မျှော်လင့်ချက်ကြောင့် ဝယ်ယူရေးစာချုပ်များကို ဆုပ်ကိုင်ထားကြမည်ဖြစ်ကြောင်း၊ ကျန်နှစ်ဝက်အတွင်း ထိုင်းဆန်ဈေးကွက်တွင် စိန်ခေါ်မှုများစွာရှိလာနိုင်ကြောင်း Mr. Chookiat က ဆက်လက်ပြောကြားပါသည်။

ထိုင်းနိုင်ငံနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်း၍ အခြားသော နည်းလမ်းများရှာဖွေသွားမည်ဖြစ်ကြောင်း၊ လက်ရှိတွင် ထိုင်းနိုင်ငံ၏ ဒေသများစွာတွင် ရေခမ်းခြောက်မှုပြဿနာကို ကြုံတွေ့နေရပြီး ယင်းသည် ထိုင်းဆန်၏အရည်အသွေးကို ကျဆင်းစေနိုင်ကြောင်း၊ ပိတ်ပင်မှုကြောင့် ဖြစ်လာနိုင်သည့် အကျိုးဆက်များကို ကုစားသွားရန် ပုဂ္ဂလိကကဏ္ဍနှင့် တွေ့ဆုံမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း Mr. Chookiat က ပြောကြားပါသည်။

**Source: www.bangkok post. gov**

**( စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

https://myantrade.gov.mm/article/Naypyitawstp_240720230414

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင်(၁၇-၇-၂၀၂၃ မှ ၂၁-၇-၂၀၂၃ ) အတွင်းဖြစ်ပေါ်ခဲ့သော ကုန်စည်ဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့် မုံရွာမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိသာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၂၁၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၉၅၀ ၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၉၅၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၇၀၀ ၊ မုံရွာရှယ် ကျပ် ၂၁၀၀ ၊ မုံရွာလတ်ကြီး ကျပ် ၁၉၅၀ ၊ မုံရွာလတ်သန့် ကျပ် ၁၉၅၀ နှင့် မုံရွာလတ်ချော ကျပ် ၁၇၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြက်သွန်နီများ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၉၇စီး (၅၈၂၀၀၀ပိသာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၉၂ စီး (၅၅၂၀၀၀ပိသာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်နီ ကားစီးရေ ၅စီး (၃၀၀၀၀ပိသာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိသာ) ဈေးနှုန်းများမှာ ကြူကုတ်ရှယ် ကျပ် ၇၂၀၀၊ အောင်ပန်းထူး-၂ ကျပ် ၇၂၀၀၊ အောင်ပန်းထူး-၃ ကျပ် ၇၇၀၀၊ အောင်ပန်းထူး-၄ ကျပ် ၈၂၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၈၇၀၀ အသီးသီး ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြူကုတ်ရှယ် ကျပ် ၁၀၀ ဈေးကျဆင်းခဲ့ပြီး ကျန်ကြက်သွန်ဖြူဈေးများ ငြိမ်လျက်ရှိပါသည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၂၀၀၀ (၆၀၀၀၀ ပိသာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူ အိတ် ၁၇၀၀ ( ၅၁၀၀၀ ပိသာ ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူ အိတ် ၃၀၀ (၉၀၀၀ ပိသာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

Source: Domestic(Ygn)MITC

## ကချင်ပြည်နယ်၏ မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုတစ်ပတ်အတွင်းနှိုင်းယှဉ်မှု

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့် ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုများ ရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်မှ ၂၁ ရက်နေ့အတွင်း ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများအနေဖြင့် တစ်သျှူးငှက်ပျော၊ မြေထောက်ပဲ၊ ပဲတီစိမ်း၊ Alumini um Ingot၊ ဆန်၊ Lead Carbonate၊ ကြိမ်၊ ပြောင်းနှင့် ဆန်ကွဲများ တင်ပို့ခဲ့ပြီး ပို့ကုန်၏ စုစုပေါင်းငွေပမာဏမှာ ၇၀၉၉၈၀.၈၈၀ ကန်ဒေါ်လာ တင်ပို့ခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၈ ရက်မှ ၁၄ ရက်နေ့ထိ တင်ပို့ကုန်၏ ငွေပမာဏ ၅၅၈၆၈၇.၆၄၀ ကန်ဒေါ်လာ နှင့် ကာလတူတင်ပို့ကုန်၏ ငွေပမာဏ နှိုင်းယှဉ်ပါက ၁၅၁၂၉၃.၂၄၀ ကန်ဒေါ်လာတန်ဖိုး ပိုမို၍ တင်ပို့မှုရှိခဲ့သည်ကို တွေ့ရပါသည်။ သွင်းကုန်ပစ္စည်းများအနေဖြင့် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်မှ ၂၁ ရက်နေ့ အတွင်း ချည်ထည်များ၊ လယ်ယာသုံး နောက်တွဲယာဉ်နှင့်အခြားယာဉ်များ၊ လယ်ထွန်စက်များ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ဓါတ်မြေဩဇာများ၊ ပလပ်စတစ်ကုန်ကြမ်း ပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ၊ ပလပ်စတစ်ပိုက်၊ သံပိုက်နှင့် မြက်ခင်းတုများ တင်သွင်းခဲ့ပြီး သွင်းကုန်၏ ငွေပမာဏ တန်ဖိုးမှာ ၁၂၆၇၅၇၄.၆၅၀ ကန်ဒေါ်လာ တင်သွင်းခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၈ ရက်မှ ၁၄ ရက်နေ့ထိ တင်သွင်းကုန်၏ငွေပမာဏတန်ဖိုး ၁၂၆၃၀၄၆.၈၁၀ ကန်ဒေါ်လာနှင့် ကာလတူ တင်သွင်းကုန်၏ ငွေပမာဏနှိုင်းယှဉ်ပါက ၄၅၂၇.၈၄ ကန်ဒေါ်လာတန်ဖိုး ပိုမို၍ တင်သွင်းခဲ့သည်ကို တွေ့ရပါသည်။ တင်ပို့ကုန်နှင့် တင်သွင်းကုန်တို့၏ ငွေပမာဏများအား နှိုင်းယှဉ်ကြည့်ရာ တင်ပို့ကုန်၏ ငွေပမာဏမှာ ၅၅၇၅၉၃.၇၇၀ ကန်ဒေါ်လာတန်ဖိုး လျော့နည်းပြီး ကုန်သွယ်မှုပြုခဲ့ကြောင်း ကုန်သွယ်မှုစာရင်းများအရ တွေ့ရပါသည်။ ငွေလဲနှုန်းများမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် ၀.၃၄၃ ယွမ် ဖြစ်ပြီး၊ ၁ ယွမ် လျှင် မြန်မာကျပ်ငွေ ၂၉၁.၅၄ ကျပ်ရှိကြောင်းသိရှိရပါသည်။

**Source: မနော်မြေကုန်သွယ်မှုဇုန်ဌာန**

## ကော်ဖီတစ်တန် ကျပ် သိန်း ၁၅၀ ကျော်ထိ ဈေးကောင်းပေမယ့် အထွက်နည်းလို့ ဈေးကွက်လိုအပ်ချက်အတိုင်း မပေးနိုင်




နိုင်ငံတကာဈေးကွက်မှာ မြန်မာ့ကော်ဖီတစ်တန်ကို ကျပ်သိန်း ၁၅၀ ထိ ဈေးကောင်းရပေမယ့် ပြည်တွင်းထွက်ရှိမှုနည်းတဲ့အတွက် ပြည်ပဈေးကွက် လိုအပ်ချက်အတိုင်းမပေးနိုင်သေးဘူးလို့ မြန်မာနိုင်ငံ ကော်ဖီအသင်းမှ သိရပါတယ်။

ဈေးကွက်ဝင်ကော်ဖီတွေက တစ်တန်ကို အမေရိကန်ဒေါ်လာ ၄၅၀၀၊ ၅၀၀၀ လောက်ဈေးရတယ်။ ဈေးကွက်အသစ်ရှာဖွေဖို့က နိုင်ငံတွင်းထွက်ရှိတဲ့ ကော်ဖီ တန်ချိန်က နည်းပါးပြီးတော့ လက်ရှိရနေတဲ့ ဈေးကွက်တွေမှာတောင် သူတို့လိုချင်တဲ့ ပမာဏတောင် မရောင်းနိုင်တဲ့အခြေအနေရှိပါတယ်။ ဒါပေမယ့် မြန်မာ့ကော်ဖီကို စိတ်ဝင်တစားမေးမြန်းတဲ့ ဈေးကွက်အသစ်တွေလည်းရရှိပါတယ်လို့ ကော်ဖီအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောပါတယ်။

ပြီးခဲ့တဲ့ကော်ဖီရာသီက မြန်မာ့ကော်ဖီအထွက်နှုန်းရဲ့ ၇၅ ရာခိုင်နှုန်းကို ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချခဲ့တာဖြစ်ပြီး ကော်ဖီတစ်တန်ကို ကျပ် သိန်း ၁၅၀ မှ ၁၇၀ ခန့်အထိ ဈေးကောင်းရရှိခဲ့တယ်လို့ သိရပါတယ်။ ထိုင်းနိုင်ငံက ကော်ဖီကို ကုန်ကြမ်းအသီးစိမ်းအနေနဲ့ဝယ်ယူတာဖြစ်ပြီး ထိုင်းဝယ်လက်တွေကိုယ်တိုင် ဒေသအရောက် ဝယ်ယူခဲ့တဲ့အတွက် ပြီးခဲ့တဲ့ ၂၀၂၂ ခုနှစ်ကထက် သုံးဆခန့်ဈေးပိုရခဲ့တယ်လို့ သိရပါတယ်။

ပုံမှန်ကော်ဖီရာသီချိန်တွေမှာ ပျမ်းမျှကော်ဖီတန်ချိန် ၁၀၀၀၀ ကျော်ထွက်ရှိပေမယ့် ပြီးခဲ့တဲ့ကော်ဖီရာသီမှာ ရာသီဥတု မမှန်တဲ့အတွက် ကော်ဖီအထွက်နှုန်းရဲ့ လေးပုံတစ်ပုံခန့်ထိ ကျဆင်းခဲ့ပြီး ကော်ဖီရာသီချိန် စောစီးစွာသိမ်းခဲ့ရတယ်လို့လည်း သိရပါတယ်။

**ဤဆောင်းပါးကို MyanmaPlatformမှကူးယူဖော်ပြပါသည်။**

**Source:** https://t.me/htwettoe

## ပြည်ပဝယ်လိုအားကောင်းလာသော မြေထောက်ပဲ




ယခုနှစ်ပိုင်းတွင် မြေထောက်ပဲကို ပြည်တွင်းစားသုံးမှုများလာသကဲ့သို့ ပြည်ပနိုင်ငံများမှလည်း ဝယ်လိုအားမြင့်တက်လာပါသည်။ မြန်မာလူမျိုးများ အများဆုံးနှစ်သက်ပြီး ချက်ပြုတ်စားသောက်ကြသည့် ပဲများမှာ ကုလားပဲ၊ မတ်ပဲ၊ စားတော်ပဲ၊ ပဲကြီး၊ ပဲပုပ်၊ ပဲထောပတ်၊ ပဲစင်းငုံတို့ ဖြစ်ပြီး မြေထောက်ပဲကိုလည်း စားသုံးသူများလာပါသည်။

ပြည်ပကို တင်ပို့နေသည့် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ပဲပုပ်၊ ပဲထောပတ်၊ ပဲလွှမ်း အစရှိသည့် ပဲအမျိုးမျိုးထဲတွင် မြေထောက်ပဲလည်းပါဝင်ပြီး အိန္ဒိယနိုင်ငံသို့ အဓိက တင်ပို့လျက်ရှိသည်။ တရုတ်နိုင်ငံတွင်လည်း တစ်နှစ်ထက်တစ်နှစ် ပဲစားသုံးမှု ပိုများလာသည်။ ယခင်က အိန္ဒိယနိုင်ငံသို့ ဖြူနီကြား မြေထောက်ပဲကို တရုတ်နိုင်ငံမှ တင်ပိုခဲ့ပြီး နောက်ပိုင်းတွင် တရုတ်နိုင်ငံမှ မြေထောက်ပဲ တင်သွင်းမှုများ ရှိလာပါသည်။

မြန်မာနိုင်ငံမှ မြေထောက်ပဲကို တရုတ်နိုင်ငံနှင့်အိန္ဒိယနိုင်ငံမှ ဝယ်ယူမှုအများဆုံးဖြစ်လာသည်ဟု မန္တလေးမြို့နယ်၊ ပဲနှမ်း ဈေးကွက်မှသိရသည်။ ထို့ပြင် ဂျပန်နိုင်ငံ၊ စင်ကာပူနိုင်ငံများသို့လည်း တင်ပို့နေပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာလအထိ မြေထောက်ပဲတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၄ ဒသမ ၂၂၁ သန်းရရှိခဲ့သည်ဟု စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ ပြည်ပတင်ပို့နေသည့် မြေထောက်ပဲအပါအဝင် ပဲမျိုးစုံတင်ပို့အခြေအနေမှာ ယခုဘဏ္ဍာနှစ် (၂၀၂၃-၂၀၂၄) ဧပြီ ၁ ရက်မှ မေ ၁၂ ရက်အထိ ကာလအတွင်း ပင်လယ်ရေကြောင်းမှ

တန်ချိန် (၁၆၇၉၉၂ ဒသမ ၃၀၇)တန် တင်ပို့ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၁၂၄ ဒသမ ၉၇၁) သန်း ရရှိခဲ့သည်။

နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တန်ချိန် (၁၉၆၁၆ ဒသမ ၀၄၅) တန် တင်ပို့ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ (၁၈.၄၈၁) သန်းရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စာရင်းများမှသိရသည်။ လက်ရှိ ဈေးကွက်ထဲ၌ မြေထောက်ပဲ ၅၄ ပိဿာဝင် သုံးတင်းဝင်တစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ်သုံးသိန်းကျော်အထိ တစ်ပတ်ထက်တစ်ပတ် ဈေးကွက်မြင့်တက်နေသည်။

မြေထောက်ပဲကို ရာသီဥတုသင့်တင့်မျှတသည့် ကသာ ၊ ဗန်းမော်၊ ဧရာဝတီမြစ်ရိုးအထက်ပိုင်း မတ္တရာ၊ ချင်းတွင်းမြစ်ရိုး အထက်ပိုင်း ကလေး၊ ကလေးဝနှင့် ကရင်ပြည်နယ်တွင်လည်း စိုက်ပျိုးကြသည်။ မိုးများသည့် ဒေသနှင့် အပူပိုင်းဒေသတွင် စိုက်ပျိုး၍မရသောသီးနှံဖြစ်သည်။ မြေထောက်ပဲကို မြေထောက်ပဲနီဟုလည်း တစ်မျိုးခေါ်ဆိုကြပြီး သူ၏မူလမျိုးရင်းက ပီရူးနိုင်ငံဖြစ်သည်။

မြေထောက်ပဲကို အောက်တိုဘာနှင့် နိုဝင်ဘာလတွင် စတင်စိုက်ပျိုးပြီး ဖေဖော်ဝါရီလဆန်းပိုင်းတွင် ထွက်ရှိသည်။ မြေထောက်ပဲစိုက်ပျိုးရာတွင် တစ်ဧကမျိုး တစ်တင်းခွဲခန့် စိုက်ပျိုးရပြီး အထွက်တင်းအနေဖြင့် ပျမ်းမျှ ၂၆ တင်းမှ တင်း ၃၀ ခန့် ထွက်ရှိသည်ဟု စိုက်ပျိုးသူတောင်သူများထံမှ သိရသည်။

ကသာမြို့နယ်နှင့် ဗန်းမော်မြို့နယ်တို့မှထွက်ရှိသည့် မြေထောက်ပဲသည် ပဲလုံးအရွယ်အစားကြီးသည့်အတွက် ဈေးကွက် အတွင်း ပို၍အရောင်းအဝယ်ကောင်းသည်။ ၂၀၂၂ ခုနှစ်က ကသာခရိုင်တွင် မြေထောက်ပဲ စိုက်ဧက (၃၉၃၅၂) ဧကခန့် စိုက်ပျိုး အောင်မြင်ခဲ့သည်။ မြေထောက်ပဲ လှိုင်လှိုင်ပေါသည့်အချိန်မှာ ဖေဖော်ဝါရီလနှင့် မတ်လတို့ဖြစ်သည်။ ကသာခရိုင်၊ ဧရာဝတီ မြစ်ဝှမ်းတစ်လျှောက် မြေနုကျွန်းများမှ စိုက်ပျိုးထွက်ရှိသော မြေထောက်ပဲများသည် လူကြိုက်များပြီး ဈေးကွက်ခိုင်မာသော ဒေသထွက်ကုန်ဖြစ်လာသည်။

ပဲမျိုးစုံတွင် လူသားတို့အတွက် အသားဓာတ်၊ အာဟာရဓာတ်၊ အမျှင်ဓာတ်များ၊ ဗီတာမင်များ ပါဝင်မှုမြင့်မား၍ ကျန်းမာရေးကို များစွာအထောက်အကူပြုပါသည်။ သုတေသနများမှ လေ့လာတွေ့ရှိချက်များအရ မြေထောက်ပဲကို စားသုံးခြင်းဖြင့် နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါဖြစ်ပွားမှုကို လျှော့ချပေးနိုင်သည့်အပြင် အမျိုးသမီးများ ဓမ္မတာမှန်စေပြီး ရင်သားကင်ဆာဖြစ်ပွားမှုကို လျှော့ချပေးနိုင်သည်ဟု တွေ့ရှိရသည်။

တရုတ်နိုင်ငံသို့ မြေထောက်ပဲကို လွန်ခဲ့သော လေးနှစ်လောက်ကတည်းက စတင်တင်ပို့ခဲ့ခြင်းဖြစ်ပြီး အထူးသဖြင့် တရုတ်နှစ်သစ်ကူးပွဲတော်ရက်များတွင် ပို၍ဝယ်လိုအားကောင်းသော သီးနှံဖြစ်လာပါသည်။ ပြည်ပပို့ကုန်တွင် အားထားလာ ရသော မြေထောက်ပဲစိုက်ပျိုးမှုအတွက် ရာသီဥတုကောင်းမွန်ပြီး အထွက်နှုန်းကောင်းရန် တောင်သူများက မျှော်လင့်နေပါသည်။

မြန်မာနိုင်ငံတွင် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ စသည့် ပဲအမျိုးအစားများကို ပြည်ပသို့ အများဆုံးတင်ပို့နေသည့်အတွက် အိန္ဒိယနှင့် တရုတ်နိုင်ငံတို့မှ ဝယ်လိုအားကောင်းလာသော မြေထောက်ပဲကလည်း အလားအလာကောင်းများရှိနေပါသည်။

**ဤဆောင်းပါးကို Opinion Leaders မှကူးယူဖော်ပြပါသည်။**

**Source:** https://t.me/htwettoe

## ဖိလစ်ပိုင်နိုင်ငံ၏ ၂၀၂၂ ခုနှစ် ကြက်သွန်နီအကြပ်အတည်း (2022 Onion Crisis in Philippines)

သမ္မတဖာဒီနန်မားကို့စ်ဂျူနီယာအစိုးရ၏ ပထမနှစ်သက်တမ်း(၂၀၂၂) ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၌ ကြက်သွန်နီ အကြပ်အတည်း Onion Crisis နှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး ကြက်သွန်နီဈေးနှုန်းမှာ တစ်ကီလိုလျှင် ပီဆို-၇၀၀ (အမေရိကန်ဒေါ်လာ ၁၂.၈၀, ယူရို ၁၀.၄၀) ခန့်ထိ မြင့်တက်သွားခဲ့ပါသည်။ အသားငါးဈေးနှုန်းထက်ပင် ကြီးမြင့်နေခြင်းဖြစ်ပြီး ကြက်သွန်နီသည် စားသုံးသူများအတွက် ဇိမ်ခံအသုံးအဆောင်တစ်ခုအဖြစ်ရှိခဲ့ပါသည်။

ကြက်သွန်နီသည် ဖိလစ်ပိုင်နိုင်ငံ၏ နေ့စဉ်စားသုံးနေသည့် အစားအစာများတွင် မပါမဖြစ်ပါဝင်ပစ္စည်းတစ်ခုဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ကြက်သွန်နီအပါအဝင် နေထိုင်စားသောက်မှု စရိတ်များမြင့်တက်လာခြင်းက ငွေကြေးဖောင်းပွမှု၏ လက္ခဏာတစ်ခုဖြစ်ပါကြောင်း၊ အစားအသောက်ဈေးနှုန်းမှစ၍ စက်သုံးဆီဈေးနှုန်းများအထိ အရာရာဈေးမြင့်တက်

နေခြင်းသည် ၁၄ နှစ်တာကာလအတွင်း အမြင့်ဆုံးသို့ရောက်ရှိခဲ့ခြင်း ဖြစ်ပါသည်။

စိုက်ပျိုးရေးဝန်ကြီးအဖြစ်လည်း ပူးတွဲတာဝန်ယူထားသည့် သမ္မတဖာဒီနန်မားကို့စ်ဂျူနီယာသည် အစားအသောက်ကုန်စည်ဈေးနှုန်းများ အဆမတန်မြင့်တက်နေသည့်အတွက် အရေးပေါ်အခြေအနေ (Emergency Situation) အဖြစ်ကြေငြာခဲ့ပြီး ပြည်တွင်းဈေးကွက်တွင် ကြက်သွန်နီ လုံလောက်မှုရှိစေရန် ကြက်သွန်နီ တင်သွင်းခွင့်အား အတည်ပြုခဲ့ပါသည်။ ဖိလစ်ပိုင်နိုင်ငံသည် ဆိုးရွားပြင်းထန် လှသောရာသီဥတုဒဏ်ကြောင့် ကြက်သွန်နီအပါအဝင် စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်မှုများ ကျဆင်းခဲ့ခြင်းကြောင့် အစိုးရအနေဖြင့် ဝယ်လိုအားကို ဦးတည်သည့် စီးပွားရေးစနစ်အား ပြောင်းလဲကျင့်သုံးခဲ့ရပါသည်။

၂၀၂၂ ခုနှစ် ဩဂုတ်လတွင် ဖိလစ်ပိုင်နိုင်ငံသည် အလွန်ပြင်းထန်သော မုန်တိုင်း (၂) ခု ဝင်ရောက်ခဲ့ခြင်းကြောင့် ကောက်ပဲသီးနှံများ ပျက်စီးဆုံးရှုံးမှုနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသဖြင့် သီးနှံများပြတ်လတ် ခြင်းတို့ ဖြစ်ပေါ်ခဲ့ပါသည်။ နိုင်ငံခြားခရီးသွားများအား ဆွဲဆောင်သည့် လူသိများသောနေရာဖြစ်သည့် Cebu Street Food Stalls များတွင် ဈေးနှုန်းမြင့်တက်သည့်ဒဏ်အား ခံစားခဲ့ရပါသည်။ ဟင်းသီးဟင်းရွက်ကြော်၊ အသားငါးပင်လယ်စာများဖြင့် ချက်ပြုတ်သည့် ဖိလစ်ပိုင်ရိုးရာအစားအစာအများစုမှာ ကြက်သွန်နီနှင့် အချဉ်ဆော့စ်တို့အား အဓိကအသုံးပြုပြီး ချက်ပြုတ်ရသည့်အတွက် ကြက်သွန်နီဈေးနှုန်းမြင့်မားခြင်းကြောင့် များစွာထိခိုက်ခဲ့ရပါသည်။ အစိုးရအနေဖြင့် ဈေးနှုန်းမြင့်မားခြင်းအတွက် နည်းလမ်းများရှာဖွေပြီး တုံ့ပြန်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများလည်း ရှိခဲ့ပါသည်။

ထိုစဉ်အချိန်အခါက Iloilo မြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် မင်္ဂလာဆောင်အခမ်းအနားတစ်ခုတွင် သတို့သမီး ကိုင်ဆောင်သည့် ပန်းစည်းနေရာတွင် ကြက်သွန်နီဖြင့်ပြုလုပ်ထားသည့် ပန်းစည်းအား အစားထိုး အသုံးပြုခဲ့သည် အထိဖြစ်ခဲ့ကြောင်း ပြည်တွင်းသတင်းစာများတွင် ဖော်ပြခဲ့ပါသည်။ ထို့ပြင် ထူးထူးခြားခြားအနေဖြင့် ဖိလစ်ပိုင် လေကြောင်းလိုင်းမှ လေယာဉ်မောင်/မယ် ၁၀ ဦးသည် ၎င်းတို့၏ ခရီးဆောင်အိတ်ထဲတွင် ကြက်သွန်နီနှင့် အသီးအနှံ ၄၀ ကီလိုခန့်အား မှောင်ခိုတင်သွင်းခဲ့သဖြင့် စုံစမ်းစစ်ဆေးခြင်းခံခဲ့ရကြောင်း ဖော်ပြထားပါသည်။ ဖိလစ်ပိုင် အကောက်ခွန် ဌာနအနေဖြင့် ခရီးသွားများအား ဒဏ်ကြေးပေးဆောင်ခိုင်းခြင်းမရှိသော်လည်း ခွင့်ပြုချက်မရရှိပဲ သယ်ယူခွင့်မရှိကြောင်း သတိပေးပြောကြားခဲ့ပါသည်။

ကြက်သွန်နီအကြပ်အတည်းသည် သမ္မတမားကို့စ်အတွက် ဖိအားတစ်ခုဖြစ်စေခဲ့ပြီး စိုက်ပျိုးရေးဝန်ကြီးအနေဖြင့် စားသောက်ကုန်ထုတ်လုပ်ခြင်းအား မြှင့်တင်သွားမည်ဖြစ်ကြောင်း ကတိကဝတ်ပြုထားခြင်းများ ရှိခဲ့သည့်အတွက် ဖြစ်ပါကြောင်း၊ အချို့တရားဥပဒေဆိုင်ရာ တာဝန်ရှိသူများမှ နေရာလဲလှယ်ပေးသွားရန်အထိ ပြောကြားခဲ့ခြင်းများရှိပါကြောင်း ဖော်ပြထားပါသည်။

ရာသီဥတုဖောက်ပြန်ပြောင်းလဲနေခြင်းသည် တိုင်းပြည်အတွက် အစားအစာဖူလုံမှုရှိစေရေးအား အဓိကခြိမ်းခြောက်နေသည့် ပြဿနာတစ်ခုဖြစ်ပါကြောင်း၊ စားသုံးသူများအနေဖြင့် မရှိမဖြစ် ပစ္စည်းများကိုသာ ဝယ်ယူသုံးစွဲခြင်းဖြင့် ဝယ်နိုင်စွမ်းအားမှာ ကျဆင်းခဲ့ပါကြောင်း၊ ရာသီဥတုဆိုးရွားလာခြင်းသည် ကုန်ပစ္စည်းရိက္ခာပြတ်လတ်မှုနှင့် ဈေးနှုန်းမြင့်တက်ခြင်းတို့ကို ဖြစ်စေသဖြင့် ဖိလစ်ပိုင်နိုင်ငံ၏ စားသုံးသူပမာဏ၏ အစိတ်အပိုင်းတော်တော်များများအား ထိခိုက်စေပါကြောင်း ဖော်ပြပါရှိပါသည်။

**Source:**https://www.cnnphilippines.com/news/2023/7/24/marcos-warns-smugglers-hoarders.html?utm_source=izooto&utm_medium=push_notifications&utm_campaign=Marcos%20warns%20agri%20smugglers,%20hoarders

**( စီးပွားရေးသံမှူး၊မနီလာမြို့)**

https://myantrade.gov.mm/article/Naypyitawstp_250720230152

# STOCK EXCHANGE (25.7.2023)

YANGON STOCK EXCHANGE

## Stock trading data

As of 25th Jul. 2023

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 33,129 (Shares) | 55,458,500 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,200 | -100 | -1.20% | 8,200 | 8,300 | 8,200 | 415 | 3,411,000 | 33,109,694 | 271,500 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,800 | 2,900 | 2,800 | 488 | 1,381,500 | 38,929,150 | 112,895 |
| MCB | 00003 | 7,600 | -100 | -1.30% | 7,600 | 7,600 | 7,600 | 1 | 7,600 | 10,400,986 | 79,048 |
| FPB | 00004 | 1,500 | -50 | -3.23% | 1,500 | 1,500 | 1,500 | 21,050 | 31,575,000 | 29,664,613 | 44,497 |
| TMH | 00005 | 2,400 | +0 | +0.00% | 2,400 | 2,400 | 2,400 | 1 | 2,400 | 12,823,224 | 30,776 |
| EFR | 00006 | 2,250 | -200 | -8.16% | 2,250 | 2,250 | 2,250 | 133 | 299,250 | 19,977,223 | 44,949 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 0 | 0 | 10,497,598 | 51,438 |
| MAEX | 00008 | 1,750 | +0 | +0.00% | 1,700 | 1,750 | 1,700 | 1,041 | 1,781,750 | 23,804,946 | 41,659 |

YANGON STOCK EXCHANGE


## Market summary

As of 25th Jul. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 358.80 | -5.21 | -1.43% | 358.22 | 362.04 | 358.22 | 23,129 | 38,458,500 | 8 | 676,762 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 25th Jul. 2023

| Trading Volume | Trading Value |
|---|---|
| 33,129 (Shares) | 55,458,500 (MMK) |

## Main Board

As of 1:00 pm, 25th Jul. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 33,129 (Shares) | 55,458,500 (MMK) |

| MYANPIX | 358.80 ▼ 5.21 |
|---|---|
| Total Volume (shares) | 23,129 |
| Total Value (MMK) | 38 mil |
| Listed Company | 8 |
| Market Cap. (MMK) | 676,762 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,200 | ▼ 100 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 7,600 | ▼ 100 |
| FPB | 00004 | 1,500 | ▼ 50 |
| TMH | 00005 | 2,400 | ▲ 0 |
| EFR | 00006 | 2,250 | ▼ 200 |
| AMATA | 00007 | 4,900 | ▲ 0 |
| MAEX | 00008 | 1,750 | ▲ 0 |